**ရောင်းချရန်ကြော်ငြာစာ**

တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆

**ဇေယျာသီရိခရိုင် တရားရုံးတော်**

၂၀၂၂-ခုနှစ်၊ **ဇာရီမှုအမှတ် ၄၆**

| | | |
|---|---|---|
| **ကမ္ဘောဇဘဏ်လီမိတက် (နေပြည်တော်ဘဏ်ခွဲ-၂)**<br>**(၎င်း၏ ကိုယ်စားဘဏ်ခွဲတာဝန်ခံ ဒေါ်နန်းဝင့်ဝင့်ဖြိုးသူ)** | **နှင့်** | **(၁) ဦးသိန်းထွန်းဦး**<br>**(၂) ဒေါ်သက်သက်ရီ** |
| ဒီကရီအနိုင်ရသူ | | တရားရှုံး |

**ဒက္ခိဏခရိုင်** တရားရုံးတော်၊ တရားမကြီးမှုအမှတ် **၇၈** အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို **၂၀၂၃** ခုနှစ်၊ **ဒီဇင်ဘာ** လ၊ **၆** ရက်၊နံနက် **၁၀.၀၀** နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့်ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်းကြေညာလိုက်သည်။

**လေလံရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှ တရားနိုင်က တရားရုံးသို့တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးကတာဝန်ယူမည်မဟုတ်ပါ။တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန်နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာရောင်းချသည့် ပစ္စည်းအတွက်လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေ ကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်း မပြုလျှင် တစ်ဖန် ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိကသတ်မှတ်ထားသည့်စပေါ်ငွေကိုတင်သွင်းမှ သာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည်၂၅ရာခိုင်နှုန်းနေ့ချင်းပေးသွင်းပြီးနောက်ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေ အကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကိုအထက်ပါနေ့ရက်များကိုပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၃ ခုနှစ်၊ **အောက်တိုဘာ** လ ၂၄ ရက်နေ့တွင်ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်း ချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

တံဆိပ်

(မျိုးကျော်အောင်)
ခရိုင်တရားသူကြီး
ဇေယျာသီရိခရိုင်တရားရုံး

**ပစ္စည်းစာရင်း**

**(၁) နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ နဝဒေးရပ်၊ မြေတိုင်းအကွက်အမှတ် ၁၃/နဝဒေးရပ်၊ အကွက်အမှတ်-ပစ (B)၂၁၃၁၊ ဧရိယာ (၀.၁၁၀) ဧကရှိ ဂရန်မြေနှင့် ထိုမြေကွက်ပေါ်ရှိ အဆောက်အဦးများ**
**လေလံကြမ်းခင်းဈေးကျပ်သိန်း (၂၂၅၀) တိတိ။**
**အရောင်းကြော်ငြာပြန်သွင်းရန် (၇-၁၁-၂၀၂၃)**
**လေလံတင်ရောင်းချမည့်နေ့ (၆-၁၂-၂၀၂၃)**
**လေလံအစီရင်ခံစာပြန်သွင်းရန် (၈-၁၂-၂၀၂၃)**